# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

**ငြိမ်းချမ်းစွာဆန္ဒပြသူများအား စစ်အစိုးရလက်ကိုင်တုတ်များ၏ အကြမ်းဖက်ဖမ်းဆီးမှုများနှင့် ပတ်သက်၍**
**အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှထုတ်ပြန်ကြေညာချက်**
**၂၀၀၇ ခုနှစ် ဩဂုတ်လ (၂၄)ရက်**

မြန်မာနိုင်ငံတွင် လောင်စာဆီဈေးနှုန်းအဆမတန်တိုးမြှင့်ခြင်း၏ နောက်ဆက်တွဲပြဿနာများဖြစ်သော ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် ပြည်သူအများ စားဝတ်နေရေးပိုမိုကြပ်တည်းလာမှုအား ထုတ်ဖော်ရန် ငြိမ်းချမ်းစွာလမ်းလျှောက် ဆန္ဒပြသူများကို နအဖ စစ်အစိုးရ၏ လက်ကိုင်တုတ်များက အကြမ်းဖက်နှိမ်နင်းဖမ်းဆီးမှုများ ပြုလုပ်နေခြင်းအပေါ် မိမိတို့ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ပြင်းထန်စွာကန့်ကွက် ရှုတ်ချလိုက်သည်။ ဤသို့ အကြမ်းဖက်နှိမ်နင်းမှုများအား ချက်ခြင်းရပ်တန့်ရန်နှင့် ဖမ်းဆီးထားသည့် ၈၈ မျိုးဆက် ခေါင်းဆောင်များအပါအဝင် ငြိမ်းချမ်းစွာဆန္ဒပြသူများအား ချက်ခြင်းပြန်လွှတ်ပေးရန်လည်း စစ်အစိုးရကို တောင်းဆိုလိုက်သည်။

အထူးသဖြင့် ဩဂုတ်လ ၂၂–၂၃ရက်နေ့များ၌ ရန်ကုန်မြို့ နေရာအနှံ့အပြား ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့် အမျိုးသမီးများအား ကြမ်းတမ်းစွာ ဆွဲထုတ်ကိုင်တွယ်ရိုက်နှက်မှုများနှင့် အမျိုးသမီးများ၏ အရှက် နှင့် ဂုဏ်သိက္ခာကို ကျဆင်းစေသည့် လုပ်ရပ်များကိုပါ အကြမ်းဖက်လက်နက်အဖြစ် အသုံးပြုလာခြင်းသည် လုံးဝ သည်းမခံသင့်သော လုပ်ရပ်များဖြစ်ကြောင်း အတိအလင်းပြောဆိုလိုသည်။

မြန်မာနိုင်ငံတွင် မည်သည့်တော်လှန်ရေး၊ လှုပ်ရှားမှုများ၌မဆို အမျိုးသမီးများအနေဖြင့် ရှေ့ဆုံးမှ ပါဝင်လှုပ်ရှားခဲ့သည့် သာဓကများစွာ ရှိခဲ့သည်။ ယနေ့မြန်မာနိုင်ငံ၏ အခြေအနေသည်လည်း ပြည်သူလူထုအတွက် အဆိုးဝါးဆုံး အကြပ်အတည်းကို ရင်ဆိုင်နေရသည့်အချိန် ဖြစ်၍ အမျိုးသမီးများ၏ နိုင်ငံရေးတက်ကြွမှုအား ပိုမိုဆိုးဝါးသည့် လိင်ပိုင်းဆိုင်ရာစော်ကားအကြမ်း ဖက်မှုများဖြင့် နှိမ်နင်းဖြိုခွဲလာမည်ကို မိမိတို့အဖွဲ့ချုပ်အနေဖြင့် လွန်စွာ စိုးရိမ်ပူပန်မိသည်။

သို့ဖြစ်၍ နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေကို မျက်ခြေမပျက်စောင့်ကြည့်ပြီး ကန့်ကွက်မှုများ ပြုလုပ်ကြပါရန် မိမိတို့အနေဖြင့် လေးနက်စွာ မေတ္တာရပ်ခံအပ်ပေသည်။

အမျိုးသမီးနိုင်ငံရေးတက်ကြွသူအများအပြား ဦးဆောင်ပါဝင်လာသည့် ယနေ့ပြည်သူ့ဆန္ဒဖော်ထုတ်ခြင်းများသည် မိမိတို့၏အခြေခံ ဒီမိုကရေစီအခွင့် အရေးကို နိုင်ငံသားများအနေဖြင့် တရားဝင်ကိုင်စွဲခြင်းဖြစ်သည်ဟု အသိအမှတ်ပြုယုံကြည်သည်။ စစ်အစိုးရ၏ ရက်စက်သော ဖိနှိပ်မှုအမျိုးမျိုးကြားမှ ဤသို့သတ္တိပြောင်မြောက်စွာ ဆန့်ကျင်ဆန္ဒပြသူများအား အဖွဲ့ချုပ်မှ  လေးစားဂုဏ်ယူ၍ ၎င်းတို့၏ လှုပ်ရှားမှုများကို အပြည့်အဝထောက်ခံ အားပေး ပံ့ပိုးသွားမည်ဖြစ်သည်။

နအဖစစ်အစိုးရအနေဖြင့် အကြမ်းဖက်ခြိမ်းခြောက်မှုများကိုအသုံးပြု၍ ပြည်သူလူထုအား အတင်းအကြပ် နှုတ်ပိတ်ထားခြင်းသည် နိုင်ငံအတွက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မျက်ကွယ်ပြုခြင်းဖြစ်သည်။ ပြည်သူ့ဆန္ဒကို လစ်လျူရှုပြီး အတုအယောင်အမျိုးသားညီလာခံကို ဇွတ်အတင်း ကျင်းပနေခြင်းသည်လည်း မည်သည့် နိုင်ငံရေးအကျိုးဖြစ်ထွန်းမှုကိုမျှ မြင်တွေ့စေနိုင်မည်မဟုတ်ပေ။

ဤအခြေအနေတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်နှင့် အိန္ဒိယအစိုးရများအနေဖြင့် နအဖစစ်အစိုးရ၏ ဖိနှိပ်အနိုင်ကျင့်မှုများအား မျက်ကွယ်ပြုမနေဘဲ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာအောင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးပမ်းမှုများတွင် ပူးပေါင်းပါဝင်ကြပါရန် မိမိတို့မှအလေးအနက် တိုက်တွန်းအပ်ပါသည်။ အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာ သုံးခဲ့သော တရုတ်အစိုးရအနေဖြင့် ဒေသဆိုင်ရာလုံခြုံရေးကိုအမှန်တကယ်ရှေ့ရှုသောအမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ကြိုးပမ်းမှုကို ထောက်ခံပံ့ပိုးရန် မိမိတို့အနေဖြင့် မေတ္တာရပ်ခံအပ်ပေသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်
(၁) နန်းယည် (အထွေထွေအတွင်းရေးမှူး) ဖုန်းနံပါတ် –   ဖဖ ၈၉၈ ၅၉၄ ဖဖ၈
(၂) သင်းသင်းအောင် (နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်တာဝန်ခံ) ဖုန်းနံပါတ်– ဖဖ ၈၇၀ ၈၁၁ ၂၈၉
(၃) လွေးအေးနန်း (သဘာပတိအဖွဲ့ဝင်) ဖုန်းနံပါတ်– ဖဖ ၈၉၄ ၃၄၂ ၈၄၁
(၄) ဒွဲလိန် (တွဲဖက်အထွေထွေအတွင်းရေးမှူး၂) ဖုန်းနံပါတ်– ဖဖ ၉–၈၉ ၄၃၄ ၈၉၇ဖ